# ပေတရု ထွက်ပြေးခဲ့သော နေ့

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀က သူသေဆုံးချိန်ထိ ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ် ချိတ်ဆွဲထားခြင်းကို ခံရပြီးနောက် တခြားသူ တစ်ယောက်၏ သင်္ချိုင်းဂူထဲတွင် မြုပ်နှံခြင်းကို ခံခဲ့ရသည်။ သုံးရက်လွန်သောနေ့တွင် သူသေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့ပြီး သူ၏ နောက်လိုက်များစွာ သူ့ကို မြင်ခဲ့ရသည်။ ရှင်ပြန်ထမြောက်ရာနေ့ ( **Easter**) ကို ကျွန်တော်တို့ ကျင်းပရခြင်းမှာ ၄င်းသည် ယေရှုက သေခြင်းနှင့် သင်္ချိုင်းကို အောင်မြင်သောအချိန် လူသားတို့အတွက် ယေရှု၏ ချစ်ခြင်းမေတ္တာပြီးပြည့်စုံသောအချိန်နှင့် အဆုံးမဟုတ်ဘဲ အစပြုသောအချိန်ဖြစ်ခြင်းကြောင့်ပင်ဖြစ်သည်။

By Dr.Ralph Wilson

ဤအခြင်းအရာက နေ့အချိန်တွင် တမြေ့မြေ့နှင့် သူ့ကို ခံစားစေခဲ့သလို ညအချိန်တွင် ပို၍ပင် ဆိုးဆိုးဝါးဝါး ဖြစ်နေစေခဲ့သည်။ သူ၏ အချစ်ဆုံး မိတ်ဆွေကို သူသစ္စာဖောက်ခဲ့သည်။ တိုးတိုးတိတ်တိတ်မဟုတ်၊ လျှို့ဝှက်စွာဖြင့်မဟုတ်၊ ပြောင်ပြောင်တင်းတင်းနှင့် အရှက်ကင်းမဲ့စွာ တလောကလုံးမြင်အောင် ပြုခဲ့ခြင်းဖြစ်သည်။ ယခုအခါ "ငါမှားသွားတယ်"ဟု ပြန်တောင်းပန်၍ မရနိုင်အောင် နောက်ကျသွားခဲ့ပြီ။ သူ့မိတ်ဆွေက သေဆုံးသွားခဲ့ပြီဖြစ်သည်။

အိပ်ယာထဲတွင် သက်တောင့်သက်သာဖြစ်မည့် အနေအထားကို မတွေ့နိုင်ခဲ့၍ ပေတရု မအိပ်နိုင်ဘဲ လူးလိမ့်နေခဲ့သည်။ အပြင်ဘက်မှာ ယေရုရှလင်မြို့ ပြန်လည် သက်ဝင်လှုပ်ရှားလာသည့် အသံဗလံများကို သူကြားနေခဲ့သည်။ တချိန်က ဤမြို့ကို လာရောက်လည်ပတ်ရန် သူအလွန်နှစ်သက်ခဲ့သော်လည်း ယခုဤမြို့ကို သူမုန်းတီး ရွံရှာနေခဲ့သည်။ ဤနေရာတွင် သူ့စိတ်နှလုံးထဲမှ ဖျောက်ဖျက်၍ မရနိုင်လောက်အောင် နာကျင်စရာကောင်းလှသည့် အမှတ်တရ မမေ့နိုင်စရာ များစွာရှိနေခဲ့သည်။ သူ့အတွက် ငါးဖမ်းခြင်းလုပ်ငန်းက ဆွဲဆောင်မှု မရှိတော့သည့်တိုင် ယနေ့ သူဂါလိလဲသို့ပြန်ပြီး ထိုအလုပ်ကို ပြန်လုပ်ရလိမ့်မည်။ ဘယ်အရာကမျှ သူ့ကို မဆွဲဆောင်နိုင်တော့။

"ငါ သူ့ကို ဘယ်လိုလုပ်ပြီး လုံးလုံးလျားလျား အရှက်ရစေခဲ့တာလဲ? ငါဘယ်လိုလုပ်ပြီး ဒီလိုဖြစ်သွားရတာလဲ? ပေတရု . . . မင်းအသုံးမကျတဲ့ လူကြောက်". . .အကြိမ်ကြိမ်အခါခါ မိမိကိုယ်ကို ကျိန်ဆဲနေမိသည်။ "သူဟာ ငါ့ရဲ့ မိတ်ဆွေဖြစ်ခဲ့တယ်၊ ငါ့အချစ်ဆုံး မိတ်ဆွေအပေါ် ဘယ်လိုလုပ်ပြီး ငါဒီလို လုပ်ခဲ့ရသလဲ?"

လူထောင်ပေါင်းများစွာက တောင်ကုန်းပေါ်မှ ယေရုရှလင်မြို့ထဲသို့ ယေရှု မြည်းကလေးစီးလျက် ဝင်ရောက်လာစဉ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြပုံကို သူမြင်လာခဲ့သည်။ ဗိမာန်တော်ထဲမှ ငွေများတင်ထားသည့် စားပွဲများကို ယေရှုက ဒေါသဖြင့် မှောက်လှန်ပစ်လိုက်သည်ကို သူမြင်လာခဲ့သည်။ "သင်တို့သည် ငါ့အဖအိမ်ကို ထားပြတွင်း ဖြစ်စေကြပြီတကား"ဟု သခင်က ဗိမာန်တော်တွင်း အရောင်းအဝယ် လုပ်နေသူများအား သတိနှင့် ချင့်ချိန်၍ ပြောသော်လည်း ပစ်ပစ်ခါခါ ပြောဆိုဆုံးမခဲ့သည်ကို ပြန်လည် မြင်ယောင်နေမိသည်။

မျက်စိကန်းသူများ ရုတ်တရက် ပြန်၍ မြင်လာခဲ့သည်ကို၊ ခြေလက်သေနေသူများ ချက်ခြင်းလမ်းထလျှောက်ခဲ့ကြသည်ကို၊ ရွံရှာဖွယ်ကောင်းသော နူနာရောဂါစွဲနေသည့် သူများ၏ အသားအရေက ယေရှုလက်တော်နှင့် တွေ့ထိလိုက်သည့်တဒင်္ဂအချိန်တွင်း ကလေးသူငယ်တစ်ယောက်၏ နူးညံ့လှသည့် အသားအရေပမာ ပြောင်းလဲသွားခဲ့ရသည်ကို သူမြင်ယောင်နေခဲ့သလို ယေရှု၏အပြုံး၊ သူ၏ သနားခြင်းဂရုဏာစိတ်၊ သူ၏ နူးညံ့သိမ်မွေ့စွာ သွန်သင်ခဲ့သည့် အချိန်များကိုလည်း ပြန်လည်အမှတ်တရ ရှိနေခဲ့ရသည်။

လူပေါင်းများစွာကို တစ်နေ့တာ ပင်ပန်းစွာ ကြည့်ရှုစောင့်ရှောက်မှုအပြီး သူ၏ ပုခုံးပေါ်တင်လာခဲ့သော သခင့်လက်တော်ကို ပြန်လည်ခံစားမိသည်။ တဆက်တည်းမှာပင် ပြောလာခဲ့သော သခင့်စကားသံက သူ့အလိုအလျောက် ထပ်ခါတလဲလဲ သူ့စိတ်ထဲ ကြားယောင်နေပြန်သည်။ "ပေတရုရေ ဒီနေ့ မင်းရဲ့ အကူအညီအတွက် ကျေးဇူးတင်ပါတယ်။ မင်းဟာ သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက်ပါဘဲ၊ . . . သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက်. . .သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက်. . . ပေတရု၏ မျက်လုံးထဲ မျက်ရည်များ ပြည့်လျှံလာခဲ့ရသည်။ ငါလား သစ္စာရှိတဲ့မိတ်ဆွေ?. . .ငါလား?

ယဇ်ပရောဟိတ်မင်း၏ စစ်သားများက ယေရှုကို ဖျက်ဆီးရန် ကြိုးစားကြသောအချိန်တွင် ပေတရုက သူ၏ သခင်အတွက် ဓါးဖြင့် ခုခံကာကွယ်ခဲ့သည်။ သို့သော်လည်း မကြာမီ အစေခံ အမျိုးသမီးတစ်ယောက်က "ရှင်က သူ့တပည့်တွေထဲက တစ်ယောက်မဟုတ်လား?"ဟု စိန်ခေါ်ခဲ့ရာတွင် သူက ကျိန်ဆိုပြီး ငြင်းပယ်ခဲ့သည်။ မေးမြန်းသူက သာမန်အစေခံ မိန်းကလေးသာ။ တဖန် သူရဲဘောကြောင်သည့် ငြင်းဆန်မှုကို တစ်ကြိမ်ပြီးတစ်ကြိမ် သူပြုခဲ့ရာ ကြက်တွန်သံကြားရသည့်အချိန်တိုင်ဖြစ်ခဲ့သည်။ ထိုအချိန်မှာပင် ခြံဝင်းအတွင်း ခပ်လှမ်းလှမ်း သူ့ရှေ့တဖက်၌ ရပ်နေသော သခင့်မျက်လုံးများနှင့် သူ့မျက်လုံးများ ဆုံမိခဲ့ရာ ဝမ်းနည်းသည့် အရိပ်အယောင် စိတ်ပျက်သွားခဲ့သည့်အသွင်ဆောင်သည့် ထိုမျက်လုံးများ အကြည့်အောက်မှ ကျိုးပဲ့ကြေမွစွာဖြင့် သူထွက်ပြေးခဲ့ရသည်။ ယဇ်ပုရောဟိတ်မင်း၏ အိမ်ထဲမှ မှောင်မိုက်နေသောလမ်းများဆီသို့ သူပြေးထွက်ခဲ့ရာ နောက်ဆုံး သူမပြေးနိုင်တော့သည့်အချိန်ထိ၊ နောက်ဆုံး မိမိကိုယ်ကို ကျောက်ခင်းလမ်းပေါ် ပစ်ချကာ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ရသည့် အချိန်ထိပင်ဖြစ်သည်။

ထို့နောက်ပိုင်း ထိုနံနက်ခင်းတွင် သူ့မိတ်ဆွေအား ပျက်ရယ်ပြု ညှဉ်းပန်းနှိပ်စက်ကြပြီး နောက်ဆုံး သူ့လက်ခြေများကို ကြီးမားလှသည့် သံချွန်များဖြင့် ကားတိုင်ပေါ်ရိုက်လျက် သေသည့်တိုင် တိုကားတိုင်ပေါ် ချိတ်ဆွဲထားခဲ့ကြကို သူခပ်လှမ်းလှမ်းမှ စောင့်ကြည့်ခဲ့ရသည်။ ဤမြို့တွင် နောက်တစ်ရက်မျှ ပင် သူမနေနိုင်ခဲ့တော့။

တံခါးရွက်အောက်မှ အရုဏ်ဦး၏ အလင်းရောင် ပါးလျလျက တိုးဝင်လာချိန်မှာ ညအချိန် နောက်ဆုံးတော့ ကုန်ဆုံးသွားခဲ့ပြီ။ သူယနေ့ထွက်ခွါရမည်၊ သူသိရှိထားခဲ့သည့် ဘဝဆီသို့ ယနေ့ သူပြန်၍ ထွက်ပြေးရတော့မည်။ ဤဆိုးဝါးယုတ်မာလှသော မြို့ကြီးအား ယနေ့ ပေတရု ကျောခိုင်းရတော့မည်။

ဒုံး. . .ဒုံး . . အနီးရှိ တံခါးက တစ်စုံတစ်ယောက်၏ အဆက်မပြတ်ထုရိုက်နေမှုကြောင့် လှုပ်ခါ သွားခဲ့ရသည်။ ပေတရုက သူ၏ ဓါးကို လှမ်းယူ

လိုက်ပြီး တံခါးနောက်တွင် အသံမမြည်စေဘဲ နေရာယူလိုက်သည်။

ပေတရု. . . ယောဟန်. . .ငါမာရိပါ၊ ငါအထဲ ဝင်ပါရစေ"။

မိန်းမတစ်ယောက်၏ အသံ မာဂဒလမာရိ လပေါင်းများစွာ သူတို့နှင့်အတူ ခရီးသွားခဲ့ပြီး ယေရှု၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦး၊ သူက တံခါးမင်းထုပ်ကို ဖွင့်လိုက်သောအခါ သူမက တိတ်တဆိတ် ဝင်ရောက်လာခဲ့သည်။ သူမက စကား မပြောမီ အသက်ကို တဝကြီးရှူသွင်းလိုက်ပြီး သူမ၏ သတင်းစကားကို ဖွင့်ထုတ်လိုက်သည်။

"သူတို့ ခန္ဓာကိုယ်ကို ခိုးယူသွားခဲ့ကြပြီ. . . ယေရှုရဲ့ ခန္ဓာကိုယ် မရှိတော့ဘူး။ ပြီးတော့ သူ့ကို ဘယ်မှာထားသလဲဆိုတာ ငါတို့မသိဘူး"။

အိပ်ယာမှ ကောင်းစွာနိုးခဲ့ပြီဖြစ်သော ယောဟန်က ပေတရုကို ကြည့်လိုက်ပြီး သူ့ကိုယ်ပေါ် အဝတ်များကို ပစ်တင်လိုက်သည်။ ပေတရုက တံခါးပေါက်မှ ပြေးထွက်လာခဲ့ရင်း လမ်းများတလျှောက် ပြေးလျက်၊ ဒေါင့်ချိုးများကို ကရောသောပါး ချိုးကွေ့ကာ ယေရှု၏ ခန္ဓာကိုယ် ထားရှိရာ သင်္ချိုင်းဂူဆီသို့ ဦးတည်လျက် အပြေးအလွှား သွားရောက်ခဲ့သည်။

ယခုအခါ ယောဟန်က သူ့နောက်တွင် ကပ်ပါလာသည်။ ပို၍ ငယ်ရွယ်မြန်ဆန်သည့်အလျောက် ယောဟန်က ပေတရုကို ဖြတ်ကျော်သွားခဲ့သည်။ ပေတရု သင်္ချိုင်းဂူဆီသို့ရောက်လာချိန် ယောဟန်က ဂူအပြင်ဘက်တွင် ရပ်နေကာ အတွင်းသို့ အသေအချာ ကြည့်ရှုနေသည်ကို တွေ့ရသည်။ သင်္ချိုင်းဂူအား မဖွယ်မရာ၊ မလေးမစား ပြုမူခြင်းတို့မှ ကာကွယ်ရန်အတွက် ပိတ်ဆို့ထားရှိသော ကျောက်တုံးကြီးက လိမ့်သွားခဲ့ပြီဖြစ်သည်။ ပေတရုက အတွင်းသို့ တိုးဝင်လိုက်သည်။ စိုထိုင်းထိုင်း ထုံးကျောက်ဂူအတွင်းမှ မှုံမွှားမွှားအနေအထားကို ကျင့်သားရရန်အတွက် သူ့မျက်လုံးများ ခေတ္တသာ အချိန်ယူလိုက်ရသည်။

ခန္ဓာကိုယ်ကို တပတ်ပြီးတပတ် ရစ်ပတ်ထားခဲ့သော အလောင်းရစ်ပတ်သည့် ပိတ်စက ရှိနေသည်။ ၎င်းက ကိုယ်ခန္ဓာရှိခဲ့သောနေရာ၊ ထွင်းထားသည့် ကျောက်စင်မြင့်ပေါ် ရှိနေခဲ့သည်။ သို့သော် ထိုအဝတ်ပိတ်အောက်တွင် ဘာမျှမရှိတော့။ အဝတ်ခွေများက အလဲလဲအပြိုပြိုနှင့် ဘာမျှမရှိ၊ လိပ်ပြာထွက်ပေါ်လာပြီးနောက် ကျန်ခဲ့သော ပိုးတုံးလုံးအိမ်နှင့်သာတူတော့သည်။ တသီးတခြား ခေါက်လျက်ရှိနေခဲ့သည်က ယေရှု၏ ဦးခေါင်းကို ရစ်ပတ်ထားခဲ့သည့်အဝတ်စ။

ပေတရုက ယောဟန်ကို အထဲသို့ဝင်ရန် အချက်ပြလိုက်သည်။ မည်မျှ ထူးဆန်းအံ့သြဖွယ်ရာ ကောင်းလိုက်ပါသနည်း။ သင်္ချိုင်းဂူကို တရားမဝင် ချိုးဖောက်ဝင်ရောက်၍ ခန္ဓာကိုယ်ကို ခိုးယူသွားခဲ့လျှင် ဤအဝတ်စများ ဤနေရာ၌ တွေ့ရှိရန် အကြောင်းမရှိ၊ ထိုသို့မဟုတ်လျှင်လည်း ကျဉ်းမြောင်းသော ကျောက်ဂူလေးထဲ အလျင်စလိုပြုခြင်းကြောင့် ပြန့်ကြဲနေရမည်ဟု သူမျှော်လင့်ထားခဲ့သည်။ သို့သော်လည်း ယင်းတို့က ဤနေရာမှာပင် စံနစ်တကျ ရှိနေခဲ့ရာ၊ ၎င်းတို့ကို မလိုအပ်တော့၍ ဘေးဖယ်ထားလိုက်သကဲ့သို့ ရှိနေခဲ့သည်။

ယောဟန် ပေတရုကို ကြည့်နေခဲ့သည်။ ပေတရုကလည်း ယောဟန်ကို ကြည့်နေခဲ့သည်။ ယောဟန်၏ နှုတ်ခမ်းထောင့်မှ မထင်မရှား အပြုံးကို သတိထားမိလိုက်သည်။

"ဘာဖြစ်လာနိုင်သလဲ . . .ဘာဖြစ်လာနိုင်သလဲ. . . သူ ရှင်ပြန်ထမြောက်ခဲ့ပြီဆိုရင်?

ပေတရု ယေရှုရှလင်ဆီသို့ လမ်းလျှောက်ပြန်လာခဲ့ရာ ခြေလှမ်းတိုင်းက လှမ်းပြီးခဲ့သော ခြေလှမ်းတိုင်းထက်ပို၍ မြန်ဆန်နေခဲ့သည်။ "သူရှင်ပြန်ထမြောက်ခဲ့ပြီဆိုရင် ဘာဖြစ်လာနိုင်သလဲ?"

သူနေထိုင်သည့်လမ်းသို့ ချိုးဝင်သော ထောင့်ကို တွေ့လိုက်သည်နှင့်တပြိုင်နက် တံခါးဝ၌ သူ့ကို စောင့်နေသော လူတစ်ယောက်၏ ပုံပန်းသဏ္ဍာန်ကို တွေ့လိုက်ရသည်။ ထိုပုံပန်းသဏ္ဍာန်က သူနှင့်အလွန်ရင်းနှီးနေခဲ့သည့်သဏ္ဍာန် . . . ယေရှု

သူ့ကို တွေ့ဆုံရန် ပေတရု ပြေးသွားခဲ့သည်။

**Easter** ၏ ထူးဆန်းအံ့သြဖွယ်ရာအမှုက သခင်ယေရှုသည် သင်္ချိုင်းဂူထဲတွင် ဆက်လက်ရှိမနေခဲ့သောကြောင့် ကျွန်ုပ်တို့သည်လည်း ရှိနေစရာအကြောင်းမရှိဟူ၍ပင်ဖြစ်သည်။ အပါယ်ငရဲတွင် မိမိတို့အပြစ်အတွက် ပေးဆပ်ခြင်းဖြစ်သော သေခြင်းတရားကို ခံစားရန် သို့မဟုတ် ဘုရားသခင်ထံပါးမှ ထာဝရခွဲထုတ်ခြင်းကိုခံရရန် မလိုတော့။ သူက ကျွန်ုပ်တို့ကိုယ်စား ပေးဆပ်ခဲ့ပြီး အသစ်သောအသက်ဖြင့် ထမြောက်သွားခဲ့ပြီဖြစ်သည်။ သူ၏ အသစ်သောအသက်က ကျွန်ုပ်တို့အတွင်း၌ ရှိနိုင်ပြီး ကျွန်ုပ်တို့သည် သူ၏ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသည့်အလျောက် မျှော်လင့်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို ကျွန်ုပ်တို့အား ပေးသွားမည်ဖြစ်သည်။ သူထမြောက်ခဲ့ပြီ။ ကျွန်ုပ်တို့သည်လည်း အသစ်တဖန် မွေးဖွားခဲ့ပြီဖြစ်သည်။ ဟာလေလုယာ

ဒေးဗစ်ဘရန့်ဘဲ့ (ဂ)

# ကျွန်ုပ်တို့ကို မျှော်လင့်ခြင်းပေးသော

# Easter

ယေရှုကို သေခြင်းက မပိုင်ဆိုင်သောကြောင့်၊ သူသည် အပါယ်ငရဲတွင် ကျန်ရှိ၍ မနေသောကြောင့်၊ ကျွန်ုပ်တို့သည်လည်း သေခြင်းမှ လွတ်မြောက်နိုင်သလို တစ်ဖက်မှာလည်း မိမိတို့သည် မကောင်းမှုများစွာ ပြုလုပ်မိခဲ့သောကြောင့် အရာရာက မိမိတို့အတွက် ကောင်းလာနိုင်စရာ လမ်းမမြင်တော့၊ ဆိုသည့် ဆိုးရွားသော ခံစားမှုမှလည်း လွတ်မြောက်နိုင်သည်။ အတိုဆုံးပြောရလျှင် **Easter** က ကျွန်ုပ်တို့အား မျှော်လင့်ခြင်းကိုပေးသည်။

ကျွန်ုပ်တို့သည် အလွန်လှပသော လင်းယုန်ငှက်ကြီးတစ်ကောင်ကဲ့သို့၎င်း၊ ငြိမ်းချမ်းသော ချိုးငှက်တစ်ကောင်ကဲ့သို့၎င်း မိမိတို့ကိုယ်တိုင်နှင့် ဘဝအသက်တာ၏ ကန့်သတ်မှုများအပေါ် အမြင့်မှမိုး၍ ပျံဝဲနိုင်လိမ့်မည်ဖြစ်သည်။ မိမိတို့ ဆုံးရှုံးပျက်ကွက်မှုများ၏ နိုပ်စက်ကလူပြုခြင်း၊ မိမိတို့၏ ချို့တဲ့မှုများ၊ မိမိတို့အား နောက်ပြန်ဆွဲနေသည့် အတွင်းမှအရာမှန်သမျှကို ကျွန်ုပ်တို့ ထားခဲ့နိုင်သည်။ မိမိတို့နှလုံးသားများ၏ အိပ်မက်အတွင်းသို့ ပျံသန်းဝင်ရောက်ကာ အချို့ကထင်ယောင် ထင်မှားဖြစ်စေသည့် အရာများဟု သတ်မှတ်ထားသော တံလျှပ်များကို အမှန်တကယ် ဖြစ်လာစေနိုင်သည်။ ကောင်းကင်ဘုံ၏ ပန်းတိုင်များကို ကျွန်ုပ်တို့ ချိန်ရွယ်နိုင်ပြီး ဘုရားသခင်၏ အကူအညီဖြင့် မသိနိုင်သော အမြင့်ဆီသို့ လှမ်းနိုင်မည်ဖြစ်သည်။

**Easter** ကြောင့် လူသားတို့၏ မျှော်လင့်ခြင်းက လူ၏ ဖြစ်နိုင်ခြေ နယ်ပယ်အတွင်း၌သာ ကန့်သတ်ခံထားရခြင်းမျိုးမဟုတ်တော့။ သခင်ယေရှုက သေဆုံးပြီး သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့ရာ သူလုပ်နိုင်သမျှအရာတို့ကို ယခု ကျွန်ုပ်တို့ လုပ်နိုင်ခြေရှိပြီဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် သူ၏ မျက်လုံးများထဲသို့ စိုက်ကြည့်လျက် ယုံကြည်ရန်သာဖြစ်သည်။ ထိုအခါ **Easter** ဟုခေါ်သော သူရှင်ပြန်ထမြောက်ခြင်း၏ ထူးဆန်းအံ့သြဖွယ်ရာအမှုသည်လည်း ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှု ဖြစ်လာနိုင်ပေလိမ့်မည်။

Karen Bradford